# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 6 , 2026 | Volume 101 , Number 4


| ၆. ၄. ၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၇.၉၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၂.၆၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၅.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၁၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၁.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## အပူပိုင်းဒေသသစ်သီးဝလံများ သုတေသနလုပ်ငန်းကို ယူနန်စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီနှင့် ပူးပေါင်းဆောင်ရွက်မည်



အပူပိုင်းဒေသ သစ်သီးဝလံများအတွက် သုတေသနလုပ်ငန်းများကို တရုတ်နိုင်ငံရှိ ယူနန်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူနားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP)မှ သိရပါတယ်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) နှင့် Tropical Subtropical Cash Crops Research Institute, Yunan Academy of Agricultural Sciences တို့သည် “2026 Yunnan Provincial International Science and Technology Commissioner” စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူနားလည်မှုစာချွန်လွှာကို မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ စီမံကိန်းတွင် မြန်မာနိုင်ငံရှိ ငှက်ပျောသီး၊ ပိန္နဲသီး၊ ဒူးရင်းသီးနှင့် အခြားသော အပူပိုင်းဒေသ သစ်သီးဝလံများအတွက် သုတေသလုပ်ငန်းများအကောင်အထည်ဖော်ရန်နှင့် နည်းပညာဖလှယ်မှုလုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

ထိုသို့ ပိုးမွှားများနှင့် ရောဂါများကို သုတေသနပြုခြင်းသည် မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်သီးနှံများအတွက် ဈေးကွက်အလားအလာကို မြှင့်တင်ရန်ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တရုတ်ကုမ္ပဏီများက အများဆုံးရင်းနှီးမြှုပ်နှံထား



လက်ရှိဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း မြန်မာနိုင်ငံရဲ့ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တရုတ်ကုမ္ပဏီများက အများဆုံးရင်းနှီး မြှုပ်နှံထားကြောင်းရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ရဲ့ စာရင်းတွေအရ သိရပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၁၁ လအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းပေါင်း ၇၀ ကို ခွင့်ပြုပေးခဲ့ရာတွင် တရုတ်ကုမ္ပဏီများမှာ အဓိက ရင်းနှီးမြှုပ်နှံသူများအဖြစ် ပါဝင်နေခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါကာလအတွင်း မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ သန်း ၂၂၀ ကျော် ဝင်ရောက်ခဲ့ကြောင်းလည်း သိရပါတယ်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းများအနေဖြင့် ဖြတ်တောက်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်ထုပ်ပိုးခြင်း (CMP) စနစ်ဖြင့်လုပ်ငန်းလည်ပတ်နေခြင်းဖြစ်ပြီး CMP စနစ်ဖြင့်လုပ်ကိုင်သော အထည်ချုပ်လုပ်ငန်းများအပြင် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ဖိနပ်၊ အိတ်များ၊ ဆံပင်အတုများနှင့် ကင်မရာများကို ထုတ်လုပ်လျက်ရှိကြောင်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## တညင်းကုန်းဈေးကို သင်္ကြန်ကာလအတွင်း ဈေးရုံ ၃ရုံမှအပ ကျန်ဈေးရုံများကို ၂၄ နာရီဖွင့်လှစ်သွားမည်




ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းလက်ကားဈေးကြီးကို သင်္ကြန်ကာလအတွင်း ဈေးရုံ ၃ ရုံမှ အပ ကျန်ဈေးရုံများကို ၂၄ နာရီဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ တညင်းကုန်းလက်ကားဈေးကြီးတွင် ဈေးရုံ ၆ ရုံနှင့် ဆိုင်ခန်းပေါင်း ၇၅၀၀ ကျော် ဖွင့်လှစ်ထားပြီး ဒေသအသီးသီးမှဝင်ရောက်လာသောသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ရာသီပေါ်သီးနှံများနှင့် ကုန်ခြောက်မျိုးစုံကို လက်လီလက်ကား ရောင်းချလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်းတွင် ဈေးရုံ ၃၊ ၅ နှင့် ၇ တို့ကို သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သင်္ကြန်အကြိုနေ့မှနှစ်ဆန်းတစ်ရက်နေ့အထိ၅ရက်ကြာ ယာယီပိတ်ထားမည်ဖြစ်ကြောင်းသိရသည်။

သို့သော် အခြားဈေးရုံများဖြစ်သော သစ်သီးဈေးရုံ၊ ဟင်းသီးဟင်းရွက်ဈေးရုံနှင့် ရာသီပေါ် အသားငါးဈေးရုံတို့ကို ပိတ်ရက်မရှိ၊ ပိတ်ချိန်မရှိဘဲ ၂၄ နာရီ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း ဈေးနှုန်းမြင့်တက်မှု မဖြစ်စေရန် ကုန်သည်များအနေဖြင့် ပုံမှန်ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

Source : https://www.npnewsmm.com/

## ရောင်းပန်းလှ မိုးကောင်းဖရဲသီးများ

အပူပိုင်းရာသီသို့ ဝင်ရောက်လာသည်နှင့်အညီ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ရာသီစာ ဖရဲသီးများ ရောင်းချနေသည်ကို ဈေးကြီးများနှင့် ရပ်ကွက်၊ ကျေးရွာများအနီးတစ်ဝိုက်တွင် တွေ့ရသည်။

ဖရဲသီးများကို ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များမှ ဒေသခံများက စိုက်ပျိုးကြပြီး မြစ်ကြီးနားမြို့သို့ ပြန်လည်ရောင်းချကြသည်။

မိုးကောင်းမြို့နယ်မှ ထွက်ရှိသည့် ဖရဲသီးများသည် အစေ့နည်း၍ အသားထူပြီး အရသာမှာ ချိုမြိန်ထူးကဲလှသောကြောင့် စားသုံးသူများ အလွန်အကြိုက်တွေ့လျက်ရှိသည်။

ဈေးနှုန်းမှာလည်း မိုးကောင်းဖရဲသီး (အလတ်) တစ်လုံးလျှင် ၅၀၀၀ ကျပ်၊ (အကြီး) တစ်လုံးလျှင် ၈၀၀၀ ကျပ် ဈေးဖြင့်သာ ရောင်းချကြသဖြင့် ရောင်းပန်းလှသည့်အပြင် ဖရဲသီးတွင်ရေဓာတ်ပြည့်ဝစွာပါဝင်သဖြင့်ရာသီဥတုပူပြင်းသော ယခုလိုအချိန်တွင် အရွယ်သုံးပါးစလုံး စားသုံးသင့်သည့် သဘာဝအားဆေး ဓာတ်စာတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ပဲပုပ် ဈေးမြင့် အရောင်းအဝယ်သွက်

မန္တလေးကုန်စည်ဒိုင်တွင် ဧပြီလပထမပတ်၌ ပဲပုပ်ဈေးကွက် အခြေအနေမှာ ဈေးကွက်သို့ လက်ကျန်နည်းပြီး အဝင်နည်းနေခြင်း၊ လုပ်ငန်းသမားများက ပုံမှန်အဝယ်ရှိနေခြင်းကြောင့် အရောင်းအဝယ်သွက်နေပြီး ဈေးမြင့်တက်လာကြောင်းသိရသည်။

ပဲပုပ်(ဗမာ) ၅၃ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၀၀,၀၀၀မှ ၄၁၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၁၀,၀၀၀ မှ ၄၂၀,၀၀၀ ၊ ယခင်လ ကျပ် ၃၄၀,၀၀၀မှ ၃၄၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀,၀၀၀ ကျပ် အတက်အကျရှိပြီး၊ ယခင်လထက် ကျပ် ၆၀,၀၀၀ မှ ၆၅,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပဲပုပ်(ရှမ်း) မိုးမိတ်စ ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၃၀,၀၀၀ မှ ၄၄၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၂၀,၀၀၀ မှ ၄၃၀,၀၀၀၊ ယခင်လ ကျပ် ၃၇၀,၀၀၀ မှ ၃၇၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀,၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၆၀,၀၀၀ မှ ၆၅,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပဲပုပ်(ရှမ်း) မိုးညှင်းစ ၅၃ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် ကျပ် ၄၄၅,၀၀၀ မှ ၄၅၀,၀၀၀။ ယခင်လ ကျပ် ၃၈၀,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက် ကျပ် ၆၅,၀၀၀ မှ ၇၀,၀၀၀ ခန့်ဈေးမြင့်တက်လာသည်။

Source : https://myantrade.gov.mm/

## အရှေ့တောင်အာရှဒေသတွင် ဥရောပမွေးမြူရေးကြက်ဘဲတင်သွင်းမှု ဒုတိယအကြီးမားဆုံးဖြစ်လာသည့် ဗီယက်နမ်



ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ဥရောပမှ ကြက်သား၊ ဘဲသားနှင့်ငန်းသားအစရှိသည့် မွေးမြူရေးတိရစ္ဆာန်စုစုပေါင်း တန်ချိန် ၅၆,၅၀၀ ကျော် တင်သွင်းခဲ့ပြီး အရှေ့တောင်အာရှဒေသတွင် ဖိလစ်ပိုင်နိုင်ငံပြီးနောက် ဒုတိယအကြီးဆုံးဝယ်ယူသူဖြစ်လာကြောင်း ဥရောပကော်မရှင် (EC) ၏ ဒေတာများအရ သိရသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလတစ်လအတွင်းပင် ဗီယက်နမ်နိုင်ငံသည် တန်ချိန် ၅၃၀၀ ကျော် တင်သွင်းကာ ဒေသအတွင်း အကြီးမားဆုံး ဥရောပကြက်ဘဲ ဝယ်ယူသူဖြစ်လာခဲ့ကြောင်း သိရသည်။

ဟိုချီမင်းမြို့တွင် ကျင်းပသော “European Poultry – From Farm to Fork” ကမ်ပိန်းအောက်ရှိ ပရိုမိုးရှင်းပွဲတွင် ပိုလန်နိုင်ငံကုန်သွယ်ရေးအသင်းအောက်ရှိ အမျိုးသားကြက်ဘဲမွေးမြူရေးကောင်စီ ဥက္ကဋ္ဌ Dariusz Goszczynski က ဗီယက်နမ်ကို ဒေသအတွင်း အရေးပါသော ဈေးကွက်တစ်ခုအဖြစ် သတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများထဲတွင် ပိုလန်နိုင်ငံသည် အဓိကပို့ကုန်ရင်းမြစ်အဖြစ် ဆက်လက်ရပ်တည်နေပြီး ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၃၇,၃၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

၎င်း၏နောက်တွင် ပြင်သစ်နိုင်ငံက တန်ချိန် ၄၉၀၀ ခန့်၊ ဟန်ဂေရီ၊ အီတလီနှင့် နယ်သာလန်တို့က တန်ချိန် ၄၆၈၀၊ ၂၇၅၀ နှင့် ၂၁၇၀ အသီးသီး တင်ပို့ခဲ့ကြကြောင်း သိရသည်။

COVID-19 ကပ်ရောဂါကြောင့် ၂၀၂၁ မှ ၂၀၂၂ ခုနှစ်အတွင်း တင်သွင်းမှုလျော့နည်းခဲ့ပြီး နှစ်စဉ် တန်ချိန် ၃၀,၀၀၀ ခန့်သာ ရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်မှ စတင်၍ စားသုံးမှုပြန်လည်အားကောင်းလာသဖြင့် တင်သွင်းမှုပမာဏသည် နှစ်ဆနီးပါး မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ရှိ ပိုလန်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအေဂျင်စီ (PAIH) ရုံးအကြီးအကဲ Piotr Harasimowicz က ဥရောပထုတ်ကုန်များ၏ အရည်အသွေးမြင့်မားမှုနှင့် လုံခြုံရေးစံချိန်စံနှုန်းများကြောင့် စားသုံးသူယုံကြည်မှု မြင့်တက်လာခြင်းသည် တင်သွင်းမှုတိုးတက်လာစေသော အချက်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းအဖွဲ့များအနေဖြင့် လာမည့်နှစ်များတွင် လိုအပ်ချက်ဆက်လက်တိုးတက်မည်ဟု ခန့်မှန်းထားပြီး ပိုလန်နိုင်ငံမှ ဗီယက်နမ်သို့ တင်ပို့မှုတစ်ခုတည်းပင် နှစ်စဉ် တန်ချိန် ၄၅,၀၀၀ ခန့်အထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဈေးကွက်ဒေတာ ထုတ်ပေးသည့် Agro Monitor အဆိုအရ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ စုစုပေါင်း အသားစားသုံးမှုအတွင်း ကြက်သားသည် ၃၃ ရာခိုင်နှုန်း ရှိလာပြီး ၂၀၂၂ ခုနှစ်၏ ၂၉ ရာခိုင်နှုန်းထက် မြင့်တက်လာကြောင်း သိရသည်။


ထို့ပြင် လူတစ်ဦးလျှင် တစ်နှစ်လျှင် ကြက်ဥစားသုံးမှုသည် ၁၉၈ လုံးခန့်သာ ရှိနေသေးပြီး ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှ ၂၅၀ မှ ၃၀၀ လုံးထက် နည်းနေသဖြင့် ဈေးကွက်တိုးတက်ရန် အခွင့်အလမ်းများ ဆက်လက်တည်ရှိနေကြောင်း သိရသည်။

ဝင်ငွေတိုးတက်လာမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများကြောင့် စားသောက်မှုပုံစံများ ပြောင်းလဲလာသဖြင့် ပြည်တွင်းကြက်ဘဲ မွေးမြူရေးလုပ်ငန်းနှင့် တင်သွင်းမှုနှစ်ဖက်စလုံးတွင် ဆက်လက်တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**Source: Vietnam Plus**

**DOCA (ရန်ကုန်)**

## ဥရောပဒေသတစ်ဝှမ်းတွင် ဒီဇယ်ဆီဈေးနှုန်း ၃၀ ရာခိုင်နှုန်းကျော်မြင့်တက်



အရှေ့အလယ်ပိုင်းစစ်ပွဲ စတင်ဖြစ်ပွားချိန်မှ စ၍ ဥရောပဒေသတစ်ဝှမ်းတွင် ဒီဇယ်ဆီဈေးနှုန်းသည် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဥရောပတစ်ဝှမ်း၌ အီစတာအားလပ်ရက် ကာလအတွင်း ဒီဇယ်ဆီလိုအပ်ချက်မှာ မြင့်တက်လာမည်ဟု ခန့်မှန်းထားပြီး လောင်စာဆီဆိုင်များတွင်လည်း မော်တော်ယာဉ်များ တန်းစီစောင့်ဆိုင်းမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားသည့် စစ်ပွဲကြောင့် ဒီဇယ်ဆီသည် အခြားလောင်စာဆီများနှင့် နှိုင်းယှဉ်ပါက ပိုမိုထိခိုက်မှုရှိပြီး စစ်ပွဲမစတင်မီကပင် ဒီဇယ်ဈေးနှုန်းမှာ ဖိအားများနှင့်ရင်ဆိုင်နေရသည့် အခြေအနေတွင် ရှိနေခဲ့သည်။

ထို့ပြင် ဟော်မုဇရေလက်ကြားမှတစ်ဆင့် လောင်စာဆီကုန်သွယ်မှုများ ပိတ်ဆို့နေသရွေ့ ဒီဇယ်ဆီဈေးနှုန်းမှာ ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး ၎င်း၏နောက်ဆက်တွဲ အကျိုးဆက်အဖြစ်ငွေကြေးဖောင်းပွမှုကိုလည်းဖြစ်ပေါ်စေမည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။

ဥရောပဒေသတွင် ဧပြီလ ၂ ရက်နေ့က ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ကျော် အထိမြင့်တက်ခဲ့ပြီး ၎င်းပမာဏသည် ၂၀၂၂ ခုနှစ် မတ်လနောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

Source : https://myawady.net.mm/

## STOCK EXCHANGE (6.4.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Apr. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,311 (Shares) | 87,841,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,000 | +500 | +4.00% | 13,000 | 13,000 | 13,000 | 557 | 7,241,000 | 33,109,694 | 430,426 |
| MTSH | 00002 | 6,200 | +0 | +0.00% | 6,100 | 6,200 | 6,100 | 6,795 | 41,709,000 | 38,929,150 | 241,361 |
| MCB | 00003 | 9,300 | +100 | +1.09% | 9,200 | 9,300 | 9,200 | 33 | 304,700 | 10,400,986 | 96,729 |
| FPB | 00004 | 4,200 | +200 | +5.00% | 4,100 | 4,300 | 4,100 | 7,831 | 32,880,600 | 29,664,613 | 124,591 |
| TMH | 00005 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 35 | 115,000 | 12,823,224 | 41,676 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 3,045 | 5,533,250 | 19,977,223 | 36,958 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 5 | 19,750 | 10,497,598 | 41,466 |
| MAEX | 00008 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 10 | 38,000 | 23,804,946 | 90,459 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Apr. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 585.13 | +12.13 | +2.12% | 581.28 | 585.13 | 581.28 | 18,311 | 87,841,300 | 8 | 1,103,666 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Apr. 2026

| Trading Volume | Trading Value |
|---|---|
| 18,758 (Shares) | 96,176,650 (MMK) |

## Main Board

As of 1:00 pm, 6th Apr. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,311 (Shares) | 87,841,300 (MMK) |

| MYANPIX | 585.13 ▲ 12.13 |
|---|---|
| Total Volume (shares) | 18,311 |
| Total Value (MMK) | 88 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,103,666 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,000 | ▲ 500 |
| MTSH | 00002 | 6,200 | ▲ 0 |
| MCB | 00003 | 9,300 | ▲ 100 |
| FPB | 00004 | 4,200 | ▲ 200 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,800 | ▲ 0 |

TIR